# ဓမ္မခန္ဓာ (၁၀၇) ရေကြည်တစ်ပေါက် (အလ်–မာအူးန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၇)၊ သုတ်ဒေသနာ (၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **أَرَأَيْتَ الَّذِي يُكَذِّبُ بِالدِّينِ** ۞<br>သာသနာတော်အား ငြင်းပယ်ဆန့်ကျင်သူကို သင် မမြင်သလော။[၁၂၀၇] |
| ၂။ | **فَذَلِكَ الَّذِي يَدُعُّ الْيَتِيمَ** ۞<br>ယင်းသည် မိဘမဲ့တို့အား ကြမ်းကြုတ်စွာဆက်ခံသူ– |
| ၃။ | **وَلَا يَحُضُّ عَلَى طَعَامِ الْمِسْكِينِ** ۞<br>သူဆင်းရဲတို့အား ကျွေးမွေးကြဟု မတိုက်တွန်းသူ–တို့ ဖြစ်၏။ |
| ၄။<br>☆၂၄:၃ | **فَوَيْلٌ لِّلْمُصَلِّينَ** ۞<br>သို့ဖြင့်– စိတ်ဓါတ်လေ့ကျင့်နေသူတို့သည်☆ ပျက်စီးရမည်သားတည်း။ |
| ၅။ | **الَّذِينَ هُمْ عَن صَلَاتِهِمْ سَاهُونَ** ۞<br>သူတို့သည် သူတို့၏ စိတ်လေ့ကျင့်မှု၌ လေးလေးနက်နက် မရှိဘဲ– |
| ၆။ | **الَّذِينَ هُمْ يُرَاؤُونَ** ۞<br>လူမြင်ကောင်းစေလိုသူများ ဖြစ်၏။ |
| ၇။ | **وَيَمْنَعُونَ الْمَاعُونَ** ۞<br>ရေကြည်တစ်ပေါက်မျှကိုပင် ဟန့်တားနေကြကုန်၏။ |

---

(၁၂၀၇) ဤသုတ်တော်သည် အာရ်ဗီဘာသာအားဖြင့် **ဆွလတ်**ဟု ခေါ်သော စိတ်ဓါတ်လေ့ကျင့်မှု၏ သဘောတရားကို ထိထိရောက်ရောက် သွန်သင်သော သုတ်တော် ဖြစ်ပေသည်။– မိဘမဲ့တို့၏ ဘဝများ ကောင်းစား ဖွံ့ဖြိုးရေးကို မတွေးပေးသူ၊ သူဆင်းရဲတို့အား မိမိကိုယ်တိုင် ကျွေးမွေးခြင်း မရှိသလို သူတစ်ပါး တတ်နိုင်သူအားလည်း သူဆင်းရဲတို့အား ကျွေးမွေးကြပါဟု မတိုက်တွန်း မနှိုးဆော်သူ၊ ရေကြည်လေး တစ်ပေါက်မျှ တိုက်ကျွေးခြင်း– သို့မဟုတ် အသေးအဖွဲ့လေး တစ်ခုမျှ ကူညီရခြင်းကိုပင် ဟန့်တား ပိတ်ပင်နေသူ– ထိုသူတို့၏ ဆွလတ်ပြု စိတ်ဓါတ်လေ့ကျင့်နေခြင်းသည် သူတို့၏ အကျင့်ဆိုးအား ပို၍ ခိုင်မာစွဲမြဲလာစေရန် လေ့ကျင့်နေခြင်းသာ ဖြစ်သည်၊ ထိုသို့သော သူများ ပျက်စီးဆုံးရှုံးရမည်ဟု ကျမ်းတော်က ကတိပေးထားသည်။ ထို့ကြောင့် မွတ်ဆလင်များ အနေဖြင့်လည်း မိမိ ဆွတ်လာတ်ပြုနေခြင်းသည် ရုပ်ပြ အဖြစ်သာ ပြုနေသလော၊ အမှန်တကယ် စိတ်ဓါတ်များကို ပြုပြင်နေသလောဟု မိမိကိုယ်မိမိ ဆင်ခြင်ရန် လိုအပ်လှပေသည်။
နောက်ဆုံး သုတ်တော်မှ– (ရေကြည်တစ်ပေါက်ဟု ဘာသာပြန်သော) **မားအူးန်** ဆိုသည်မှာ အသေးအဖွဲ့ကူညီမှုများ–လည်း အနက်ပေးပေသည်။